အာသန္ဒိတိ=အာသန္ဒီဟူသည်ကား၊ သုဂတင်္ဂုလေန=မြတ်စွာဘုရားလက်သစ်တော်ဖြင့်၊ အတိရေကဌင်္ဂုလ ပါဒကာနိ=လက် ၈-သစ်ထက်လွန်သော အခြေရှိကုန်သော၊ မဥ္စပီဌာနိ=ညောင်စောင်းမျိုး, အင်းပျဉ်းမျိုးတို့တည်း၊ တတ္ထ=ထိုစကား၌၊ ပီဌံနာမ=အင်း ပျဉ်မည်သည်၊ မဥ္စောဝိယ=ညောင်စောင်းကဲ့သို့၊ နာတိဒီဃံ=မရှည်လွန်း။

[ဋီကာသစ်အနက်၊ ကြွင်းသောပါဌ်အစုအနက်သိသာပြီ။]

သစ်, ဝါး, ကြိမ်, နွယ်တို့ဖြင့် ပြုလုပ်အပ်သော အခြေလေးချောင်း တပ်သော ကွပ်ပစ်, ခုနှင်,ပလ္လင်, ဘဒိုင်စသော အိပ်ရာ နေရာထိုင်ရာ ဟူသမျှသည် မဥ္စပီဌတို့၌ ပါဝင်ကြကုန်သောကြောင့် အာသန္ဒိအရကို မဥ္စပီဌနှင့် ဖွင့်ပေသည်။

၁။ အထောင့် ၄-ခုညီစွာပြုသော စတုရန်းအင်းပျဉ်သည် အာသန္ဒိကမည်၏။

၂။ အလျားထက်ဝက်လွန်သော အနံရှိသော နေရာအထူးသည် အင်းပျဉ်မည်၏။

၃။ အလျားထက်ဝက် အနံရှိသော နေရာ, အလျားထက်ဝက် အောက်ယုတ်သော အနံရှိသောနေရာ အထူးသည် ညောင်စောင်းမည်၏။

[ကပ္ပိယအကပ္ပိယခွဲခြမ်းမှုကို နောက်မှဆိုလတ္တံ့။]

အာသန္ဒီပုဒ်၌-

အာ-ပုဒ်၊ သဒ-ဓာတ်၊ အ-ပစ္စည်း၊ ဗိန္ဒုလာ၊ ဣတ္ထိဤ-ပစ္စည်း။

[အဘိဓာန်ဋီကာ။]

အာ-ပုဒ်၊ သံ-ပုဒ်၊ ဒါ-ဓာတ်၊ အ-ပစ္စည်း၊ ဣတ္ထိဤ-ပစ္စည်း။

[အုတ်ကျောင်းဆရာတော်]

ခဋ္ဋင်ဆိုရာ၌-

ခဋ္ဋာပျတြ၊ ခဋ္ဋ တေ အာကင်္ခီယတေ သယနတ္တိကေဟီတိခဋ္ဋာ။ ခဋ္ဋ-အာကင်္ခါယံ။

[အဘိဓာန်ဋီကာ]

အတြ=ဤညောင်စောင်း ပရိယာယ်၌၊ ခဋ္ဋာပိ=ခဋ္ဋာသဒ္ဒါသည်လည်း၊ အာဂတာ=ကျမ်းတစ်ပါး၌လာသေး၏-ပေး၊ အိပ်ခြင်းကို အလိုရှိသောသူတို့သည် တောင့်တအပ်သောကြောင့် ခဋ္ဋင်ဆိုသည် ဟူလို။ ကြိမ်ခဋ္ဋင်, ပန်းမှန် ခြယ်သောခဋ္ဋင်ကို ဘဒ္ဒပီဌ၌ဘဒ္ဒ သဒ္ဒါကိုယူ၍ မြန်မာ၌ "ဘဒိုင်" ဆိုသည်၊ အထူးကောင်းမြတ်သော ခဋ္ဋင်-ဆိုလိုသည်။

အာသန္ဒီပြီး၏၊

## ပလ္လင်ကံ

၂။ ပလ္လက်၌-

၁။ ပလ္လင်္ကော်နာမ အာဟရိမေဟိ ဝါဠေဟိ ကတော ဟောတိ။
"ဘိက္ခုနီဝိဘင်းပါဠိတော်"။

ပလ္လင်္ကော်နာမ=ပလ္လက်မည်သည်ကား၊ အာဟရိမေဟိ= ချွတ်ယူ ရွှေ့ပြောင်းခြင်းငှာ တတ်ကောင်းကုန်သော၊ ဝါဠေဟိ=သားရဲ ရုပ်ရှင်တို့ဖြင့်၊ ကတော=ပြုအပ်သည်၊ ဟောတိ=ဖြစ်၏။

[ပါဠိတော်အနက်။]

၂။ ပလ္လင်္ကော်တိ ပါဒေသု ဝါဠရူပါနိ ထပေတွာကတော။ "စမ္မက္ခန္ဓက, သီလက္ခန်, အင်္ဂုတ္တိုရ်, ဝိနည်း သင်္ဂြိုဟ် အဋ္ဌကထာ"။

ပလ္လင်္ကော်တိ=ပလ္လက်ဟူသည်ကား၊ ပါဒေသု=ခြေတို့၌၊ ဝါဠရူပါနိ= သားရဲရုပ်ရှင်တို့ကို၊ ထပေတွာ=ထား၍၊ ကတော=ပြုအပ်သော ညောင်စောင်းအထူးတည်း။

[အဋ္ဌကထာအနက်။]

သင့်ရမည်၊ ထိုအခြေမှာအခိုင်အမြဲ အသေထုလုပ်၍ထားသော သားရဲရုပ် အတွက်ကြောင့်ကား-အာပတ်မသင့်ဟူသော အနက်သည်လည်း ယုတ္တိမရှိ၊ အသေထုလုပ်သော သားရဲရုပ်ရှိလျှင်သာ အကပ္ပိယ ဖြစ်သည်၊ အာဂန္တုကရုပ်ရှိရုံမျှနှင့် အာပတ်မသင့်-ဟူ၍သာ ဖြစ်သင့်ရာသည်။

အနုရဏ္ဏဂဏ္ဌိပုဒ်ဆရာ, ဝိနိစ္ဆယဋီကာဆရာ, ခုဒ္ဒသိက္ခာ ဋီကာဆရာတို့ လက်ထက်မှာမှ အာဟာရိမ-ဟု အာဒီယ အရှိများလာသည်ဟု ယူရန် ရှိသည်၊ ပါဠိတော်ပါဠ်တို့၌ဝင်း, ဋီကာကြီးပါဌ်တို့၌ဝင်း အ-ရဿနှင့် မူရင်းဖြစ်ရာသည်။

ဝါဠရူပါနီတိ= ဝါဠရူပါနိ-ဟူသည်ကား၊ အဟာရိမာနိ= ဖယ်ရှား ပြောင်းရွှေ့ခြင်းငှာ မတတ်ကောင်းကုန်သော၊ ဝါဠရူပါနိ=အသေထုလုပ် သော သားရဲရုပ်တို့ကို။ အနက်ဆို။

[အဟာရိမာနိ,အသံဟာရိမာနိ အတူတူ။]

အဋ္ဌကထာပါဌ်တို့၌လည်း-

ပါဒေသု=အခြေတို့၌၊ ဝါဠရူပါနိ=ခြင်္သေ့, သစ်, ကျား သားရဲရုပ်တို့ကို၊ ဥဋ္ဌာပေတွာ=ထစေ၍၊ ပေး။ အောက်၌ပြစေခဲ့သော ထိုအခြေ၌ အသေ ထုလုပ်သော သားရဲရုပ်ဖြစ်ခဲ့မူအပ်၏-ဟူသော ဝိနိစ္ဆယဋီကာ, ခုဒ္ဒသိက္ခာ ဋီကာများကို ဆင်ခြင်။

ဝဇိရ၌-

အနာပတ္တိ အသံဟာမေဟိ ဝါဠေဟိ ကတံ ပရိဘုဥ္ဇတိ-ဟု အနာပတ္တိဝါရမထွက်သောကြောင့် အာဟာရိမေဟိ ဝါဠေဟိ-ပါဌ်ကို မလိုရိပ်ပြ၏။

ဆိုရန်ကား-

အနာပတ္တိ အာဟာရိမေဟိ ဝါဠေဟိ ကတံ ပရိဘုဥ္ဇတိဟူ၍လည်း မထွက်၊ ထို့ကြောင့် ဝိဘင်း၌ အသံဟာရိမေဟိ ဝါဠေဟိ- ပါဌ်ကိုမလိုအပ်-

ဆိုရန်မှာ-

အသေမဟုတ်သော အာဂန္တုကရုပ်သည် ထိုပလ္လင်၏အစိတ် မဟုတ်ရကား-မဆိုသင့်ဟူပေ၊ ဆင်ခြင်၍ယူလေ။

**ပလ္လင်္ကော ၌။** ။ ပရိ-ပုဒ်၊ အကိ-ဓာတ်။ ပရိပုဗ္ဗော အကိလက္ခဏေ၊ ဏော၊ ဏ္ကလောပေါ။ ရဿ လတ္တံ။

[အဘိဓာန်ဋီကာ။]

ပလ္လင်္ကော်ပုဒ်, ပရိင်္ကော်ပုဒ်ရုပ်ပြီးသာ ထူးကြသည်။ ။ ပလ္လက်ပြီး၏။

## ဂေါနက

**၃။** ဂေါနက၌-

၁။ ဂေါနကောတိ ဒီဃလောမကော မဟာကောဇဝေါ။ စတုရင်္ဂုလာဓိကာနိ ကိရတဿ လောမာနိ။ "စမ္မက္ခန္ဓက, သီလက္ခန်, အင်္ဂုတ္တိုရ်, ဝိနည်း သဂြိုဟ်အဌကထာ"။

၂။ ဒီဃလောမကောမဟာကောဇဝေါတိ စတုရင်္ဂုလာဓိက လောမော ကာဠကောဇဝေါ။ "သာရတ္ထ"။

၃။ အင်္ဂုတ္တိုရ် အဌကထာဟတ္ထာဠဝက သုတ်အဖွင့်၌လည်း ဂေါနကတ္ထတောတိ စတုရင်္ဂုလလောမေန ကာဠကောဇဝေ န အတ္ထတော။

၄။ ဒီဃလောမကော မဟာကောဇဝေါတိ စတုရင်္ဂုလာဓိက လောမော ကာဠဝဏ္ဏော မဟာကောဇဝေါ။ "သီလက္ခန် ဋီကာသစ်"။

၅။ ဂေါနကန္တိဒီဃလောမကမဟာကောဇဝံ။ စတုရင်္ဂုလာ ဓိကာနိ ကိရ တဿ လောမာနိ၊ ကာဠဝဏ္ဏဉ္စ။ "ဝိနိစ္ဆယဋီကာ"

## ပဋိကာ

၅။ ပဋိကာ၌-

၁။ ပဋိကာတိ ဥဏ္ဏမယော သေတတ္ထရဏော။ "စမ္မက္ခန္ဓက, သီလက္ခန်, အင်္ဂုတ္တိုရ်, ဝိနည်း သဂြိုဟ် အဋ္ဌကထာ"။

၂။ ပဋိကန္တိဥဏ္ဏာမယံသေတတ္ထရဏံ။ "ဝိနိစ္ဆယဋီကာ, ခုဒ္ဒသိက္ခာဋီကာစုလည်း ဤနည်းပင်။

၃။ သေတတ္ထရဏောတိ ဓဝလတ္ထရဏော။ သီတတ္ထကေဟိ ပောဝိတဗ္ဗတ္တာ သေတတ္ထရဏော ဗဟုမုဒုလောမောတိပိ ဝဒန္တိ။ "သီလက္ခန်ဋီကာသစ်"။

ပဋိကာတိ=ပဋိကာ-ဟူသည်ကား၊ ဥဏ္ဏာမယော= သိုးမွေးဖြင့်ပြီးသော၊ သေတတ္ထရဏော=အခင်းဖြူတည်း။

[အဋ္ဌကထာအနက်။]

ဤ၌လည်း အတ္ထရဏ သဒ္ဒါနှင့်ဆိုသောကြောင့် သကလပ်ဖြူ, ကတ္တီပါဖြူ, ဖဲဖြူစသော သားမွေး အထည်ဖြူစုကိုလည်းယူ။

ပဋိကာပြီး၏။

## ပဋလိကာ

၆။ ပဋလိကာ၌-

၁။ ပဋလိကာတိ ဃနပုပ္ဖကော ဥဏ္ဏာမယ လောဟိတတ္ထရဏော။ ယောအာမလကပတ္တောတိပိ ဝုစ္စတိ။"စမ္မက္ခန္ဓက, သီလက္ခန်, အင်္ဂုတ္တိုရ်, ဝိနည်းသဂြိုဟ် အဋ္ဌကထာ"။

၂။ ဥဏ္ဏာမယတ္ထရဏောတိ ဥဏ္ဏာမယလောဟိတတ္ထရဏော။ "သာရတ္ထ"

[ဤသာရတ္ထအလို အချို့သောစမ္မကျွန္တက အဋ္ဌကထာပါဌ်မှာ လောဟိတသဒ္ဒါမပါရပ်ရှိ၏၊ ဝိနည်း သင်္ဂြိုဟ်မှာလည်း ဤနည်းတူ။]

၃။ ယနပုပ္ဖကောတိဗဟလရာဂေါ။ "ဝိမတိ"။

၄။ ယနပုပ္ဖကောတိ သဗ္ဗထာ ပုပ္ဖါကာရ သမ္ပန္နော။
"သီလက္ခန်ဋီကာသစ်"။

၅။ ပဋ္ဋလိကန္တိ ယနပုပ္ဖကံ ဥဏ္ဏာမယံ လောဟိတတ္ထရဏံ။ ယံအာမလကပတ္တန္တိပိ ဝုစ္စတိ။ "ဝိနိစ္ဆယဋီကာ"။

၆။ ပဋ္ဋလီတိ ယနပုပ္ဖံ ရတ္တအတ္ထရဏံ။
"ခုဒ္ဒသိက္ခာ ဋီကာဟောင်း"။

၇။ ပဋ္ဋလိကာ ယနပုပ္ဖိကာ။ "ဍင်းဋီကာသစ်"။

ပဋ္ဋိလိကာတိ=ပဋ္ဋိလိကာ-ဟူသည်ကား၊ ယနပုပ္ဖကော= ထူထပ်သောပန်းပွင့်ရှိသော၊ ဥဏ္ဏာမယ လောဟိတတ္ထရဏော=သိုးမွေးဖြင့်ပြီးသောအခင်းနီတည်း၊ ယော=အကြင်အခင်းကို၊ အာလမက ပတ္တောတိပိ=သျှိသျှားရွက်သဏ္ဌာန်ရှိသော ပန်းရွက်တို့ဖြင့် ပြည့်သည် ဖြစ်၍ အာမလကပတ္တအခင်းဟူ၍လည်း၊ ဝုစ္စတိ=ဆိုအပ်၏။

[အဋ္ဌကထာအနက်။]

ယနပုပ္ဖကောတိ=ယနပုပ္ဖကော-ဟူသည်ကား၊ ဗဟလရာဂေါ= ထူထပ်သောဆိုးရည်ဆေးစွဲမှုရှိသော။

[ဝိမတိအနက်။]

ယနပုပ္ဖကောတိ=ယနပုပ္ဖကော-ဟူသည်ကား၊ သဗ္ဗထာ=အချင်းခပ်သိမ်းအားဖြင့်၊ ပုပ္ဖါကာရသမ္ပန္နော=ပန်းပွင့်သဏ္ဌာန်, ပန်းရွက်သဏ္ဌာန်နှင့်ပြည့်စုံ၏။

[သီလက္ခန်ဋီကာသစ်အနက်။]

## ကဋ္ဋိဿ, ကောသေယျ

**၁၁-၁၂။** ကဋ္ဋိဿ,ကောသေယျ ၂-ပါး၌-

၁။ ကဋ္ဋိဿန္တိ ရတနပရိသိဗ္ဗိတံကောသေယျကဋ္ဋိဿမယံ ပစ္စတ္ထရဏံ။ ကောသေယျန္တိ ရတန ပရိသိဗ္ဗိတံ ကောသေယျ သုတ္တမယံ ပစ္စတ္ထရဏံ။ "စမ္မက္ခန္ဓက, ဝိနည်းသင်္ဂြိုဟ်အဋ္ဌကထာ"။

၂။ ကောသေယျန္တိ ရတနပရိသိဗ္ဗိတမေဝ ကောသေယျ သုတ္တမယံပစ္စတ္ထရဏံ။ "သီလက္ခန်, အင်္ဂုတ္တိုရ်အဋ္ဌကထာ"။

၃။ ကောသေယျ ကဋ္ဋိဿမယန္တိ ကောသေယျ ကသဋမယံ။ "သီလက္ခန်ဋီကာကြီး, သာရတ္ထ"။

၄။ ကောသေယျ ကဋ္ဋိဿမယန္တိ ကောသေယျသုတ္တာနံ အန္တရာသုဝဏ္ဏ မယသုတ္တာနိ ပဝေသေတွာ ဝီတံ။ သုဝဏ္ဏ သုတ္တံ ဟိကဋ္ဋိဿံ ကသဋန္တိစ ဝုစ္စတိ။ တေနေဝ ကောသေယျကဋ္ဋိဿမယန္တိ ကောသေယျ ကသဋမယန္တိ အာစရိယ ဓမ္မပါဘတ္ထေရေန ဝုတ္တန္တိ ဝဒန္တိ။ "ဝိမတိ, သီလက္ခန်ဋီကာသစ်"။

၅။ ကဋ္ဋိဿန္တိ ရတနပရိသိဗ္ဗိတံ ကောသေယျက သဋမယ ပစ္စတ္ထရဏံ။ ကောသေယျ ကဋ္ဋိဿမယန္တိ ကောသေယျက သဋမယန္တိ အာစရိယ ဓမ္မပါလတ္ထေရေန ဝုတ္တံ။ ကန္တိတကောသေယျပုဋဝီတန္တိ အတ္ထော။ "ဝိနိစ္ဆယဋီကာ"။

[ခုဒ္ဒသိက္ခာဋီကာ ၂-စောင်ကား-စမ္မက္ခန္ဓကအဋ္ဌကထာအတိုင်း။]

ကဋ္ဋိဿန္တိ=ကဋ္ဋိဿံ-ဟူသည်ကား၊ ရတနပရိသိဗ္ဗိတံ=ရွှေချည်, ငွေချည်တို့ဖြင့် ပတ်လည်ဝန်းကျင် အပြင်နှံ့စပ် ချုပ်ချယ်အပ်သော၊ ဝါ=ရွှေပြား,ငွေပြားစီထားချကပ် လိမ်းကျံအပ်သော၊ ကောသေယျ ကဋ္ဋိဿမယံ=ပိုးချည် အကြမ်းဖြင့်ပြီးသော၊ ဝါ=ပိုးချည် အတွင်းရွှေ

ကုတ္တကန္တိ=ကုတ္တက-ဟူသည်ကား၊ သောဠသန္နံ= တစ်ကျိုပ်ခြောက်ယောက်ကုန်သော။ နာဋကိတ္ထီနံ=ကချေသည်မတို့၏၊ ဌတ္ဘာ=ရပ်၍၊ နစ္စယောဂ္ဂံ=က-စလောက်သော။ ဥဏ္ဏာမယတ္ထရဏံ=သိုးမွေးဖြင့်ပြီးသော အခင်းတည်း။

[အဋ္ဌကထာဋီကာအနက်။]

အဘိဓာန်၌ ဥဒ္ဒလောမီ, ဧကန္တလောမီ အခင်း ၂-ပါးသည်ပင်လျှင် ကချေသည်တစ်ကျိပ်ခြောက်ယောက် က-စလောက်အောင်ကျယ်ခဲ့မူ-ကုတ္တကဟူ၏။

တဒေဝ သောဠသိတ္ထီနံ၊ နစ္စယောဂ္ဂံ ဟိ ကုတ္တကံ။

[အဘိဓာန်။]

တဒေဝ=ထိုဥဒ္ဒလောမီ, ဧကန္တလောမီ အခင်း၂-ပါးသည်ပင်လျှင်ပေး၊ သီလက္ခန်ဋီကာသစ်မှာလည်း-တံပန ဥဒ္ဒလောမိ ဧကန္တလောမိဝိသေသမေဝ-ဟုဆို၍ အဘိဓာန် ဂါထာကိုဆောင်၏။

ကုတ္တကပုဒ်၌-

ကရောန္တိဧတ္ထနစ္စန္တိ ကုတ္တကံ၊ ကရ-ကရဏေ၊ တော၊ အဿုသကတ္တေ ကော၊ ဘုဇာဒိ၊

[အဘိဓာန်ဋီကာ။]

ဤအလို ဒန္တဇ တ-ဒွေဘော်နှင့်လို၏၊ ကျမ်းဂန်တို့၌ မုဒ္ဓဇ ဋ-ဒွေဘော်များ၏။ ။ ကုတ္တကပြီး၏။

## ဟတ္ထတ္ထရ, အဿတ္ထရ, ရထတ္ထရ

**၁၄-၁၅-၁၆။** ဟတ္ထတ္ထရ, အဿတ္ထရ, ရထတ္ထရ ၃-ပါး၌-

၁။ ဟတ္ထတ္ထရ အဿတ္ထရာတိ ဟတ္ထိအဿပိဋ္ဌိသု အတ္ထရဏကာ ဧဝ၊ ရထတ္ထရေပိ ဧသေဝနယော။"စမ္မက္ခန္ဓက, သီလက္ခန်,

၅။ အဇိနပဝေဏိနာမ အဇိန စမ္မေဟိ မဇ္ဈပ္ပမာဏေန သိဗ္ဗိတွာ ကတာ ပဝေဏိ။ တာနိ ကိရ စမ္မာနိ သုခုမရာနိ။ တသ္မာ ဒုပဋ္ဋတိပဋ္ဋာနိ ကတွာ သိဗ္ဗန္တိ။ တေန ဝုတ္တံ အဇိနပဝေဏိတိ။ “ဝိနိစ္ဆယဋီကာ”။

အဇိနပဝေဏိတိ=အဇိနပဝေဏိ-ဟူသည်ကား၊ အဇိနစမ္မေဟိ= သစ်နက်ရေတို့ဖြင့်၊ မဇ္ဈပ္ပမာဏေန=ညောင် စောင်းပမာဏ အားဖြင့်၊ သိဗ္ဗိတွာ=ချုပ်၍။ ကတပဝေဏိ=ပြုအပ်သော အခင်းအဖွဲ့တည်း၊ ဝါ=အခင်းအလျဉ်းတည်း။

[အဋ္ဌကထာအနက်။]

အဇိနစမ္မေဟီတိ=အဇိနစမ္မေဟိ-ဟူသည်ကား၊ အဇိနမိဂစမ္မေဟိ= အဇိနမည်သော သား၏အရေတို့ဖြင့်၊ ကိရ=ကြားဘူးသည် ကား၊ တာနိစမ္မာနိ=ထိုအရေတို့သည်၊ သုခုမတရာနိ=အလွန်နူးညံ့ကုန်၏၊ တသ္မာ=ထို့ကြောင့်၊ ဒုပဋ္ဋ တိပဋ္ဋာနိ=၂-ထပ် ၃-ထပ်တို့ကို၊ ကတွာ=ပြု၍၊ သိဗ္ဗန္တိ=ချုပ်ကုန်သတတ်၊ တေန=ထို့ကြောင့်၊ အဇိနပဝေဏိတိ= အဇိနပဝေဏိ-ဟူ၍၊ ဝုတ္တံ=ဆိုအပ်၏။

၂-ထပ် ၃-ထပ်ဘွဲ့မှုရှိသောကြောင့် ပဝေဏိခေါ်သည်-ဟူလို။

[သာရတ္ထအနက်။]

ဟိသစ္စံ=မှန်၏၊ ဥပရူပရိ=အဆင့်ဆင့်၊ ထပေတွာ=ထား၍၊ သိဗ္ဗနဝသေန=ချုပ်ခြင်း၏အစွမ်းဖြင့်၊ သန္တတိဘူတာ=အစဉ်ဖြစ်သည် ဖြစ်၍၊ ပဝေဏိတိ=ပဝေဏိ-ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

[ဋီကာသစ်အနက်။]

အဇိနပဝေဏိကဒလိ၊ မိဂပ္ပဝရအတ္ထရာ။

[ခုဒ္ဒသိက္ခာ။]

ကင္စိ သညာ ကောသေယျည ရတနပရိသိဗ္ဗိတာနိ နာ၀ဋ္ဋန္တိ၊ သုဒ္ဓါနိ၀ဋ္ဋန္တိ။

ဟူသောခုဒ္ဒသိက္ခာ ဋီကာဟောင်းမှာရှိသောပါဠ်ကဲ့သို့-

သဗ္ဗာနေ၀ ဂေါနကာဒီနိ ရတနပရိသိဗ္ဗိတာနိ န၀ဋ္ဋန္တိ၊ သုဒ္ဓါနိ ၀ဋ္ဋန္တိ။

ဟုရှိရင်းဖြစ်ရာသည်။

ဋီကာကြီး၌ကား-

ထပေတွာတူလိကန္တိ ဧတေန ရတနပရိသိဗ္ဗနရဟိတာပိတူလိကာ န၀ဋ္ဋတီတိ ဒီပေတိ။ ရတနပရိသိဗ္ဗိတာနီတိက္ကမိနာ ယာနိရတနပရိ သိဗ္ဗိတာနိ၊ တာနိ ဘူမတ္ထရဏ၀သေန ယထာနုရူပံ မဉ္စပီဌာဒီသုစ ဥပနေတုံ ၀ဋ္ဋန္တီတိ ဒီပိတံ ဟောတိ။

ဟုပါဠ်ရှိ၏၊ ဋီကာအရပ်ရပ်တို့၌လည်း ဤပါဠ်အတိုင်းရှိကြ၏။

ဤပါဠ်အလိုသော် ရတနာခြယ်လယ်လျက်ပင် ညောင်စောင်း အင်းပျဉ်၌ ခင်းရ၏-ဆိုလိုသည်၊ ထိုသို့ဖြစ်ခဲ့မူ ဤဂေါနက စသည်တို့ကို အကပ္ပိယမဟာသယန၌ဟောတော်မူခြင်းသည် မသင့်သောဟောခြင်း, ချွတ်ယွင်းသော ဟောခြင်းသာဖြစ်ခဲ့ရာ၏။ ပါဠိတော်ကို ထိုသို့ဆိုခြင်း ငှါလည်း မသင့်၊ အကပ္ပိယအချက်သည် ဧကန္တရှိသင့်၏၊ အဖွင့်ဆရာ တို့လည်းဧကန္တပြဆိုသင့်၏။

ထို့ကြောင့်-

ရတနပရိသိဗ္ဗိတာနိပီကိက္ကမိနာ ယာနိရတနပရိသိဗ္ဗိတာနိ၊ တာနိ ဘူမတ္ထရဏ ၀သေန၊ ယာနိ ရတနပရိသိဗ္ဗိနရဟိတာနိ၊ တာနိ ယထာနုရူပံ မဉ္စပီဌာဒီသု စ ဥပနေတုံ ၀ဋ္ဋန္တီတိ ဒီပိတံ ဟောတိ။

ဟူ၍သာလျှင် မူရင်းပါဠ်မှန်ဖြစ်ပေရာသည်၊ ယာနိ-ဟု ချီသည်ကို မြင်၍လည်း ၂-၀ါကျဝေဖန်လိုမှုထင်ရှားပါ၏၊ အဌကထာ၌ ပိသဒ္ဒါ

ဓမ္မသန,ဘတ္တဂ္ဂ, အန္တရဃရ ၃-ဌာနကို ပြကြကုန်သည်၊ ထို ၃-ဌာနမှ တစ်ပါးသောကျောင်းတွင်း ကျောင်းပ တောအရပ်, တောင်အရပ်, မြေအရပ်, ရေအရပ်,လေ့အရပ်, သဘော်အရပ် စသည်တို့၌ ဂိဟိဝိကဋ မအပ်၍ ပြကြကုန်သည်မဟုတ်၊ ထို့ကြောင့် လူတို့ဥစ္စာကို လူတို့အလို အလျောက်ခင်း၍ ပေးခဲ့မူ ဘယ်နေရာမှာမဆို ထိုင်ရုံမူကား-ထိုင်ရ၏မှတ်၊ တစ်ရပ်။

ဘူမတ္ထရဏကေ တတ္ထ၊ သယိတုံစာပိ ဝဋ္ဋတိ။

ဤပါဒ၏အဖွင့်၌-

ဘူမတ္ထရဏကေတိဧတ္ထ ကတေတိ သေသော၊ တတ္ထာတိ သံဃိကေဝါ ဂိဟိသန္တကေဝါ ဂေါနကာဒိမှိ သဟဓမ္မိကေဟိ အနာဏတ္တေဟိ ဂိဟီဟိ ဘူမတ္ထရဏေ ကတေ။ သယိတုံစာပိ ဝဋ္ဋတီတိ ဥပရိ အတ္တနော ပစ္စတ္ထရဏံ ကတွာ နိပ္ပဇ္ဇိတုံ ဝဋ္ဋတိ။ အပိသဒ္ဒေန နိသီဒိတုံစာပီတိ သမုစ္စိနောတိ။ ဘူမတ္ထရဏေကတေတိဣမိနာ ဂိဟီဟိဧဝ မဉ္စပီဌာဒီသု သယနတ္ထံ အတ္ထတေ ဥပရိ အတ္တနော ပစ္စတ္ထရဏံ ဒတွာ သယိတုံဝါ နိပ္ပဇ္ဇိတုံဝါ နဝဋ္ဋတီတိ ဒီပေတိ။

[ဝိနိစ္ဆယဋီကာ။]

ဤဋီကာ၌-

သဟဓမ္မကေဟိ အနာဏတ္တေဟိ ဂိဟီဟိ ဘူမတ္ထရဏေကတေ-ဟူသော စကားသည်မသင့်၊ အနုဇာနာမိ ဘိက္ခဝေ အဝ သေသံ ဘူမတ္ထရဏံ ကာတုံ-ဟူသောပါဠိတော်သည် ဘူမတ္ထရဏကိစ္စ၌ကား-လူတို့ကိုအခင်း စေခိုင်းအပ်ရုံမျှ မကသေး၊ သံဃိက, ပုဂ္ဂလိကတို့ကို ရဟန်းသာမဏေတို့ကိုယ်တိုင်ပင် ခင်း၍ အိပ်ခြင်း ထိုင်ခြင်းကို ခွင့်ပြု တော်မူသော ပါဠိတော်ပေတည်း၊ ထို့ကြောင့်ဘူမတ္ထရဏ ကိစ္စအရာ၌

လျောင်းခြင်းငှာ၊ အနုဇာနာမိ=ခွင့်ပြုတော်မူ၏။

[စုဋ္ဌဝါသေနာသနက္ခန္ဓကအနက်။]

ပစ္စတ္ထရိတ္ဗာတိ ပရိဘဏ္ဍကတံ ဘူမိံ ဝါ ဘူမတ္ထရဏ သေနာသနံ ဝါ သံဃိက မဉ္စပီဌံ ဝါ အတ္တနော သန္တကေန ပစ္စတ္ထရဏေန ပစ္စတ္ထရိတ္ဗာဝ နိပဇ္ဇိတဗ္ဗံ။

[အဋ္ဌကထာ။]

ပစ္စတ္ထရိတ္ဗာဆိုသည်ကား-အပြေအပြစ်ပြုအပ်သော မြေကိုဒင်း, ဝေါနကစသော ဘူမတ္ထရဏအခင်းစုကိုဒင်း, သံဃိကညောင်စောင်း အင်းပျဉ်ကိုဒင်း, မိမိ၏ဥစ္စာဖြစ်သော အပေါ်လွှမ်း အခင်းဖြင့်ခင်း၍ သာအိပ်အပ်၏၊ ထို့ကြောင့် ဘူမတ္ထရဏအရာ၌ သံဃိက၌သာ ပုဂ္ဂလိက အခင်းလို၏၊ ပုဂ္ဂလိကဂိဟိသန္တကတို့၌ မလို-ဟုသိလေ၊ ဤအရာ၌ ခုဒ္ဒသိက္ခာတွင် အုဋ္ဌကျောင်းဆရာတော်စီစစ် ပြီးရှိလေ၏။

အပ်မှု,မအပ်မှု၌ ပါဠိတော်ရင်းစုကို ရှင်းလင်းစွာသိနှင့်ရန် ထုတ်ပြသောအခန်းပြီး၏။

----------

အာသန္ဒီ, ပလ္လင်္က, တူလိက၊ ဤ ၃-ပါးတို့၏ ကပ္ပိယ, အကပ္ပိယ အရာ၌ ဝါဒအကွဲအပြားမရှိကြ၊ ထိုမှကြွင်းသော ဝေါနက စသော အခင်းတို့၌ကား-

ဒီဃနိကာယ် မဟာအဋ္ဌကထာအလိုအားဖြင့် ထိုဝေါနကစသော အခင်းတို့သည် ရတနာချုပ်မှု, ရက်မှု, ခြယ်လယ်မှုရှိကုန်မှသာလျှင် အကပ္ပိယဖြစ်ကုန်သည်၊ ညောင်စောင်း, အင်းပျဉ်၌ ခင်း၍အိပ်ခြင်း ထိုင်ခြင်းငှာ မအပ်ကုန်သည်၊ ရတနာချုပ်မှု, ရက်မှု, ခြယ်လယ်မှုမရှိခြင်း, ထိုင်ခြင်းကိုပြုခြင်းငှာအပ်ကုန်၏။

စတုရင်္ဂုလာမိကာနီတိ ဥဒ္ဒလောမိဟာကန္တလောမိဟိ ဝိသေသ ဒဿနံ။ စတုရင်္ဂုလတော ဟိ ဦနာနိ ကိရ ဥဒ္ဒလောမိအာဒီသု ပဝိသန္တိ။

[ဇွင်းပါဌ်။]

တဘက်အမွေးရှိသည်, ၂-ဘက်အမွေးရှိသည်ကို ဥဒ္ဒလောမိ, ဧကန္တလောမိဆိုသည်၊ အမွေးရှိသော ကော်ဇောမှန်လျှင် တဘက်မွေး, ၂-ဘက်မွေး ၂-ပါးတွင် တစ်ပါးပါးဖြစ်ရမည်၊ ထို ၂-ပါးမှ မလွတ်နိုင်ရာဆိုလိုသည်၊ သီလက္ခန်ဋီကာသစ်လည်း ဝိမတိကို လိုရိပ်ရှိ၏။

[ဤကား-ဝိမတိဝါဒတည်း။]

ဂေါနကအခင်းမှာ ဥဏ္ဏာမယသဒ္ဒါနှင့်မဖွင့်ကြ၊ မည်းနက်သော အဆင်းရှိသော ကော်ဇောကြီးဟူ၍သာ ဖွင့်ကြသည်၊ ဥဒ္ဒ လောမိ, ဧကန္တလောမိတို့မှာ ဥဏ္ဏာမယသဒ္ဒါနှင့် ဖွင့်ကြသည်၊ ကော်ဇောဟူ၍ မဖွင့်ကြ၊ အခင်းဟူ၍သာ ဖွင့်ကြသည်၊ ထို့ကြောင့် ဂေါနကကား-ချည်မျိုး ၆-ပါးနှင့်ဆက်ဆံသော ကော်ဇောမျိုးပေတည်း၊ ဥဒ္ဒလေမိ, ဧကန္တလောမိတို့ကား-သိုးမွေးဖြင့်ပြီးသော အခင်းတို့ပေတည်း၊ ကော်ဇောအခင်း, ကော်ဇောမဟုတ်သောအခင်း ၂-မျိုးတို့နှင့်ဆက်ဆံကုန်သည်။

ထို့ကြောင့်သားမွေးဖြင့်ပြီးသော ဂေါနကကော်ဇောမျိုး၌ ဝိမတိအယူသင့်ရာ၏၊ သားမွေးမှတစ်ပါးသော ချည် ၅-မျိုးဖြင့် ပြီးသော ဂေါနကကော်ဇောမျိုး၌ ပဥ္စမဝါဒသင့်ရာ၏။

**ဝိမတိသင့်ပုံ။** ။ သားမွေးဖြင့်ရက်သော ကော်ဇောသည် အမွေးလက် ၄-သစ်ထက်လွန်သည်ဖြစ်အံ့၊ ဂေါနကမည်၏။ အမွေးလက် ၄-သစ်တိတိရှိခဲ့သော်ငင်း, ယုတ်ခဲ့သော်ငင်း ဥဒ္ဒလောမိ, ဧကန္တလောမိ ၂-ပါးတွင် တစ်ပါးပါးဖြစ်၏။

ယုတ္တာဌာနေသု သန္ထရာပေသုံ။

ဤအထပ်မှာ မဟာပိဋ္ဌိယစသော ကော်ဇောကြီးတို့နှင့် ဟတ္ထတ္ထရ စသော အခင်းကြီးတို့ကို အထက်, အောက် ခြားနား၍ မဆိုပြီ၊ အာဒိသဒ္ဒါ ၂-ချက်ပါ၏၊ ပဌမအာဒိသဒ္ဒါဖြင့်-ဂေါနက, ကုတ္တက, ဥဒ္ဒလောမီ, ဧကန္တလောမီ, ဟတ္ထတ္ထရ, အဿတ္ထရ, ရထ တ္ထရဟူသော ကော်ဇော ကြမ်းကြီးတို့ကိုယူ၊ ဒုတိယအာဒိသဒ္ဒါဖြင့် စိတ္တက, ပဋိကာ, ပဋလိကာ, ဝိကတိကာ-ဟူသော အချောလတ် အခင်းတို့ကိုယူ။

၅။ ထိုအခင်းကြမ်း အခင်းလတ်တို့၏ အပေါ်မှာ-မဟာရဟ ဖြစ်သော ဘုရားနေရာကိုခင်းသည်။

မဇ္ဈဋ္ဌာနေ တာဝ မင်္ဂလထမ္ဘံ နိဿာယ မဟာရဟံ ဗုဒ္ဓါသနံ ပညပေတွာ။

တာဝ=ရှေးဦးစွာ၊ မဇ္ဈဋ္ဌာနေ=အလယ်အရပ်၌၊ မင်္ဂလထမ္ဘံ=မင်္ဂလာ ရှိသော သီတိုင်ကို၊ နိဿာယ=မှီ၍၊ မဟာရဟံ=မြင့်မြတ် သောသူတို့ အားသာ ထိုက်တန်သော၊ ဗုဒ္ဓါသနံ=ဘုရားနေရာကို၊ ပညပေတွာ=ခင်း၍။ ပေး။

ဆင်စွယ်ညောင်စောင်း, ရွှေညောင်စောင်း, သဘော့ဖျာသင်ဖြူးနု သင်ဖြူးချောတို့ကိုယူ။

၆။ ထိုအပေါ်မှာ နူးညံ့လှစွာသော နှစ်သက်ဖွယ်ရှု ချင်ဖွယ် ကောင်းလှသော ပစ္စတ္ထရဏ အခင်းတို့ကို ခင်းသည်။

တတ္ထ ယံယံ မုဒုကဉ္စ မနောရမ္မဉ္စ ပစ္စတ္ထရဏံ၊ တံတံပစ္စတ္ထရိတွာ။

အလွန်ချောမွေ့သော ကော်ဇောမျိုး, အခင်းမျိုးနှင့်တကွ ကဋ္ဋိဿ, ကောသေယျ, အဇိနပဝေဏီ, ကဒလိမိဂပဝရ ပစ္စတ္ထ ရဏတို့ကိုယူ။

နေရာ တွင်ရွေ့ခင်းသည်၊ တစ်ပြင်လုံးခင်း သည်မဟုတ်။

၃။ အခင်းလတ်တို့ကိုကား- အဆင်းအရောက်တို့ဖြင့် အတင့်အတယ်ရှုဖွယ်မငြီးဖြစ်စေခြင်းငှာ အနှံ့အပြား ခင်းသည်။

၄။ ထိုအခင်းလတ်တို့၏အောက်၌ ဝေါနကစသော အခင်းကြမ်းကြီးတို့ကို အနှံ့အပြားခင်းသည်၊ ထိုအောက်၌ ဖျာကြမ်း ရှင်ကြမ်းတို့ကိုခင်းသည်။

ပစ္စတ္ထရဏအခင်းတို့၏ ကိစ္စကား-အိပ်သောထိုင်သော သူ၏ကိုယ်မှဖြစ်သော ချွေးအညစ်အကြေး တို့ကြောင့် အခင်းလတ်တို့၌အသွေးအရောင်မပျက်စေခြင်းငှာရင်း, ကိုယ်၌နူးညံ့ချောမွေ့သောအတွေ့ကိုရစေခြင်းငှာရင်းဖြစ်၏။

လောက၌ခင်းကြပုံအစီအရင်ကိုပြဆိုခန်းပြီး၏။

ဒုတိယခန်းပြီး၏။

--------

# (ဂ) တတိယခန်း

## ၁-ကပ္ပိယ, အကပ္ပိယစစ်တမ်း

ယခုအခါ အခိဋ္ဌာန်တင်မှုနှင့်စပ်၍ ကပ္ပိယ, အကပ္ပိယ စစ်တမ်းကိုဆိုပေအံ့။

၁။ သိုးမွေးဖြင့်ပြီးသော အမွေးရှည်သော ကော်ဇောကြီးမျိုးဟူသမျှသည်လည်းကောင်း,

၂။ သိုးမွေးဖြင့်ပြီးကုန်သော အကပ္ပိယဆိုးရည်ဖြင့် ဆိုးအပ်ကုန်သော သကလပ်ထည်, ဖဲထည်, ကတ္တီပါထည်, ကမ္ဗလာထည်တို့ကို ပြုလုပ်သော အခင်းမျိုးတို့သည်လည်း

ဤ၌ ဘိသိသည် မဥ္စဘိသိ, ပိဌဘိသိ, ဘူမတ္ထ ရဏ ဘိ သိ, စင်္ကမဘိသိ, ပါဒပုဉ္ဆနဘိသိ အများရှိသော်လည်း ညောင်စောင်း, အင်းပျဉ် ထက် ခင်းသော ဘုံလျှိုရေအဝတ်၌သာလျှင် ပစ္စတ္ထရဏ သင်္ကန်းအဓိဋ္ဌာန် လျှင်းပါးရန်ရှိသောကြောင့် မဥ္စဘိသိ, ပိဌဘိသိ, ဟုဆိုပေသည်၊ ပစ္စတ္ထရဏ သင်္ကန်းအရာ၌သုံးရသော မဥ္စဘိသိ, ပိဌဘိ သိတို့၌ပင် အဓိဋ္ဌာန်တင်ဖွယ် ကိစ္စမရှိ၊ ကြွင်းသောဘိသိတို့၌ ဆိုဖွယ်မရှိ ဆိုလိုသည်။

ဗိဗ္ဗောဟနမှာလည်း အပေါ်လွှမ်းအတွက် ပရိက္ခာရ စောဠ သင်္ကန်း, ပစ္စတ္ထရဏသင်္ကန်း အဓိဋ္ဌာန်လျှင်းရန်ရှိ၍ အသီးထုတ်ဆိုသည်။

ပစ္စတ္ထရဏန္တိ ပါဝါရော ကောဇဝေါ တိ ဧတ္တကမေဝ ဝုတ္တံ။

ဟူသော အဌကထာပါဠိနှင့်အညီ စုလျားပုတီး အခင်း, ကော်ဇော အခင်း၊ ဤအခင်း ၂-ပါးသည်လည်း ပစ္စတ္ထရဏမျိုး ပင်ဖြစ်၏၊ သင်္ကန်း ၉-ထည်တွင် ပစ္စတ္ထရဏသင်္ကန်းအဖြစ် လျှင်းပါးဖွယ်ရှိ၏၊ ထို့ကြောင့် ထိုသို့သောလျှင်းပါးမှုကို ရှင်းလင်း စေခြင်းအကျိုးငှါ ပါဝါရောကောဇဝေါ- ဟု အသီးထုတ်ဆိုပေသည်။

ပါဝါရော ဆိုသော်လည်း ဘိသိ ဗိဗ္ဗောဟန ကောဇဝတို့နှင့် အတူလာသောကြောင့် သန္ထတသေနာသနတွင် ပါဝင်သော အခင်း ဝိသေသဖြစ်သော စုလျားပုတီးအခင်းမျိုးကိုယူ ၊ အခြုံအရုံဖြစ် သော စုလျားထည်မျိုးကို မယူလင့်၊ အခြုံအရုံဖြစ်သော စုလျားထည်မျိုး သည်ကား- ပုဂ္ဂလိကဖြစ်ခဲ့သော် အဓိဋ္ဌာန်မလွတ်ရာ။

ကော်ဇောသည်လည်း မဟာသယနမျိုးဖြစ်သော ဘူမတ္ထရဏ ကော်ဇောမျိုး, ကပ္ပိယဖြစ်သော ပစ္စတ္ထရဏကော်ဇောမျိုး ၂-ပါးတွင် ဘူမတ္ထရဏမျိုး၌ အဓိဋ္ဌာန်ကိစ္စ လျှင်းပါးဖွယ်မရှိ၊ ပစ္စတ္ထရဏ ကော်ဇော မျိုး၌သာလျှင် လျှင်းပါးဖွယ်ရှိသည်။

အင်းပျဉ်ကိုသာ ယူစေလို၍ ဖွင့်ဆိုသည်ဟု မယူသင့်။ ဒွေဒွေ ဟုတွာ - ဟုဆိုခွင့်မရောက်သေးဘဲလျက် ဒွေဒွေဟုတွာ-ဟု ဤနေရာ၌ ဆိုသည်ကို ထောက်ပါ။

ထို့ကြောင့် ဤသမာနာသနိက,တိဝဿန္တရ သိက္ခာပုဒ် ၂-ပါးတို့ဖြင့် တစ်ပါးနှင့်တစ်ပါး ရဟန်းသိက္ခာရခြင်း ၃-နှစ်ကို မလွန်ကြပါမူ တစ်ခု တည်းသော ညောင်စောင်း, အင်းပျဉ်, ဖျာ, သင်ဖြူးစသည်၌ အတူတကွ ထိုင်နေသော် လည်းအဂါရဝ, အသာရုအရာနှင့် စပ်၍ အပြစ်မရှိ၊ တစ်ပါးနှင့်တစ်ပါး ၃-နှစ်ကိုလွန်၍ ကြီးကြငယ်ကြမူ တစ်ခုတည်းသော ညောင်စောင်း, အင်းပျဉ်, ဖျာ, သင်ဖြူးစသည်၌ အတူတကွ ထိုင်နေခဲ့ သည်ရှိသော် သီတင်းငယ်များမှာ အဂါရဝ အပြစ်၊ သီတင်းကြီးများမှာ ပသာရုပ္ပအပြစ်ဖြင့် ဆုံးဖြတ်ထိုက်ကြောင်းကိုသိအပ်၏။

ထေရဂါရဝ ,အသာရုပ္ပမူလသိက္ခာပုဒ် ၂-ပါးပြီး၏။

---

## ဘေဒမူလက ဒုဝဂ္ဂ မဉ္စသိက္ခာပုဒ်၌ စီစစ်ခြင်း

တေန ခေါ ပန သမယေန သမ္ဗဟုလာ သမာမနာသနိကာ မဉ္စေ နိသီဒိတွာ မဉ္စံ ဘိန္ဒိံသု၊ ပီဌေ နိသီဒိတွာ ပီဌံ ဘိန္ဒိံသု၊ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ အနုဇာနာမိ ဘိက္ခဝေ တိဝဂ္ဂဿ မဉ္စံ တိဝဂ္ဂဿ ပီဌန္တိ၊ တိဝဂ္ဂေါပိ မဉ္စေ နိသီဒတွာ မဉ္စ ဘိန္ဒိ၊ ပီဌေ နိသီဒိတွာ ပီဌံ ဘိန္တိ၊ အနုဇာနာမိ ဘက္ခဝေ ဒုဝဂ္ဂဿပီဌန္တိ။

ဤသိက္ခာပုဒ် ၂-ပါးကား- သမာနာသနိကချင်းဖြစ်၍ အချင်းချင်း အဂါရဝ, အသာရုပ္ပအပြစ် မရှိသော်လည်း ဒါယကာတို့သဒ္ဒါဒေယျ လှူဒါန်း၍ရသော ပရိက္ခရာဘဏ္ဍာများ၌ ပမာဏကို မသိဘဲ သုံးဆောင်

ဟောတော်မူသော သိက္ခာပုဒ်တော် ဖြစ်လာသောကြောင့် ဤဒုဝဂ္ဂသပိဋ်
ဟူသော သိက္ခာပုဒ်၌ မဥ္စအရ, ပီဌအရများကိုလည်း ၂-ပါးသောရဟန်း
တို့အားသာ ထိုင်နေခြင်းငှါ အရှည်ခန့်စကောင်းလောက်သော အလျား
၄-တောင့်ထွာရှိသော လုပ်ဆောင်သုံးစွဲမြဲ အရိုးအစဉ်ဖြစ်သော
တစ်ယောက်အိပ်လောက်ရုံ တစ်ပါးနေလောက်ရုံဖြစ်သော ပမာဏယုတ္တ
ညောင်စောင်း, အင်းပျဉ်ကိုသာ ယူရန်အကြောင်းလည်းအလွန်ပင်
ထင်ရှားလှပါသတည်း။

ပမာဏ ယုတ္တဖြစ်သော ညောင်စောင်း,အင်းပျဉ် ထင်ရှားရှိ
ကြောင်းကိုလည်း-

ယတ္တ ပမာဏယုတ္တော မဉ္စော ဣတောစိတော စ
ပရိဝတ္တေတုံ သက္ကာ ဟောတိ။

ဟူသောကင်္ခါရ သိက္ခာပုဒ်အဋ္ဌကထာ,ပမာဏယုတ္တ မဉ္စအရကို
အဋ္ဌဝိဒတ္ထိနဝဝိဒတ္ထိ- ဟုဖွင့်ကြသော ဋီကားများကို ရှု၍သိပါ။

ဤစူဠဝါပါဠိတော် သေနာသနက္ခန္ဓက၌ပင်လျှင်။

ဝါဆိုရဟန်းတို့ကို ကျောင်းနေရာချထားရာ၌ တစ်ပါးတစ်ပါးလျှင်
ကျောင်းတစ်ကျောင်း တစ်ကျောင်းစီ ရလောက်လျှင် တစ်ကျောင်း
တစ်ကျောင်းစီချစေ၊ တစ်ကျောင်းစီ မလောက်လျှင်ပရိဝုဏ် အပိုင်းအခြား
ဖြင့်ချစေ၊ ပရိဝုဏ်တစ်ခုစီမလောက်လျှင် တိုက်ခန်း အပိုင်းအခြားဖြင့်
ချစေ၊ တိုက်ခန်းတစ်ခုစီမလောက်လျှင် သေယျဂ္ဂ-ဟုဆိုအပ်သော ညောင်
စောင်း, အင်းပျဉ်ရာ အပိုင်းအခြားဖြင့် ချစေ- ဟုဟောတော်မူရာများကို
မြော်၍လည်း သိသင့်ပါတော့သည်။

ထိုစကားမှန်ပါ၏။ အကယ်၍ ညောင်စောင်း, အင်းပျဉ်ဟုဆိုသော
အရာတိုင်းမှာ ဂရုဘဏ္ဍဝိနိစ္ဆယ အရာများကဲ့သို့ အကြီးအငယ်အတိုင်း

အရှည် ပမာဏ အမှန်းအတားကို လုံးလုံးလွတ်၍ အနည်းငယ်ရံခါမျှသာ အထူးဖြစ်လာသော တစ်ထွာ တစ်တောင်ခန့် ရှိသော ညောင်စောင်းငယ်၊ ၁၀- တောင်, ၁၅-တောင်, ၂၀ခန့်ရှည်သော ညောင်စောင်းကြီး များရှိနေသည်ကို အစွဲအလမ်းတစ်ခုပြု၍ ငယ်ချင်သလောက်ငယ်, ကြီးချင်သလောက်ကြီးကို ကြံယူထည့်သွင်း၍ ဆုံးဖြတ်ပိုင်းခြားရမည်ချည်းမှန်လျှင် အယုတ်ဆုံး ကျောင်းအိပ်ရာနေရာကို ပိုင်းခြားရာ၌ရင်း, သိမ်နုတ်ရာ အခန်းတွင် စတုဝဂ္ဂသံဃာဘွဲ့ တွဲ၍ နေထိုင်ရာ အပိုင်းအခြား များ၌ရင်း ညောင်စောင်း ပမာဏကို အတိုင်းအရှည် အမှတ်ပြု၍ ဆိုခြင်းငှါ တတ်ကောင်းတော့မည်လော။

ထို့ကြောင့် ဤဒုဝဂ္ဂသမဋ္ဌ ဒုဝဂ္ဂသမင်္ဃ-ဟူသော သိက္ခာပုဒ်၌လည်း အကြီးအငယ် ကြံဖန်၍ ရတိုင်းသာ ညောင်စောင်း, အင်းပျဉ်များကိုကြံယူထည့်သွင်း၍ ယူခြင်းငှါ မတတ်ကောင်း၊ ပမာဏယုတ္တဖြစ်သော ညောင်စောင်း, အင်းပျဉ်ကိုသာ နိသံသယ မုချစင်စစ် မှတ်ယူခြင်းငှါ သင့်မြတ်ပါသတည်း။

ဤသိက္ခာပုဒ်ကိုလည်း ဒါယကာတို့ သဒ္ဓါဒေယျ လှူဒါန်း၍ ထားအပ်သော သံဃိက, ဂဏိက, ပုဂ္ဂလိက, ဘိက္ခုသန္တက ထာဝရ အသုံးအဆောင်ဖြစ်သော ညောင်စောင်း, အင်းပျဉ်တို့မှာသာ ယူအပ်၏၊ ဤကဲ့သို့သော ညောင်စောင်း,အင်းပျဉ်တို့မှာသာ ကျိုးပျက်မည်ကို အထူးစောင့်ရှောက်ထိုက်သည်၊ ဤဒုဝဂ္ဂ သိက္ခာပုဒ်တော်သည်လည်း ကျိုးပျက်ခြင်းကို စောင့်ရှောက်ခြင်းငှါ ပညတ်သော သိက္ခာပုဒ်ပေတည်း။

မြို့တွင်းရွာတွင်း ပရိတ်ရွတ်, ဆွမ်းစဉ်, ဆွမ်းစား-စသော ဒုမင်္ဂလ, သုမင်္ဂလကိစ္စကြီးငယ်နှင့် ဒါယကာတို့ တတ်နိုင်ပါသမျှ ခဏခေတ္တ ခင်းထားအပ်သော ဂိဟိဝိကဋ္ဌညောင်စောင်း, အင်းပျဉ်များကိုကား-

ထိုသို့ပင်ပါဝင်သော်လည်း ဒုဝဂ္ဂသိက္ခာပုဒ်ဖြင့် ထိုသို့သော ညောင်စောင်း, အင်းပျဉ်များ၌ သမာနာသနိကရဟန်း ၂-ပါးသာ အတူတကွထိုင်နေစေဟူ၍ အထူးထုတ်နုတ်ပိုင်းခြား ထားတော်မူပြီးဖြစ်သောကြောင့် ထိုအနိဋ္ဌဒေါသသည် စင်စစ်မရောက်သည်သာတည်း။

ဤအလုံးစုံသော စကားရပ်ဖြင့် ဒီဃာသနသည် ညောင်စောင်း, အင်းပျဉ်ဟူသော ဒီဃာသန, ဖျာရိုင်, သင်ဖြူး, ကမ္ဗလာ, ကော်ဇော စသော အခင်းမျိုးဟူသော ဒီဃာသနဟူ၍ ၂-ထွေပြား၏။

ထိုတွင် ညောင်စောင်း အင်းပျဉ်တည်းဟူသော ဒီဃာသနမှာ အလျား ၄-တောင့်ထွာ အနံထိုနှင့် သင့်လျော်ရုံ ရှိသော ညောင်စောင်း အင်းပျဉ်ဖြစ်မူ ပစ္ဆိမဒီဃာသနပင်ဖြစ်သော်လည်း ဒုဝဂ္ဂသိက္ခာပုဒ်၌ ပါဝင်ပြီးသောကြောင့် ဒီဃာသနသိက္ခာပုဒ်၌ မသွင်းအပ်၊ အလျား ၄-တောင့်ထွာထက် တစ်တောင့်ထွာတက်၍ အလျား ၆-တောင်၊ ၆-တောင်ထက် အလွန်ရှိမှ ဒီဃာသနသိက္ခာပုဒ်၌ သွင်းရပါမည်။

ဖျာရိုင်, သင်ဖြူး, ကမ္ဗလာ, ကော်ဇောစသော ဒီဃာသနမျိုးမှာကား-အလျား ၄-တောင့်ထွာ အနံတစ်တောင့်ထွာရှိမူ အယုတ်ဆုံး ပစ္ဆိမဒီဃာသနမည်၏။ ထိုထက် တစ်ယောက်ထိုင် လောက်သော တစ်တောင့်ထွာပမာဏဖြင့် အလျားအဆင့်ဆင့်တိုးပွား၍ အနံတစ်တောင့်ထွာ အလျားအလံတစ်ရာ, တစ်ထောင်-စသည်ရှည်သည်ရှိသော် မဟာ ဒီဃာသနမည်၏။

[ဤကား-အလျားသက်သက် တိုးနည်းတည်း။]

အလျား ၃-တောင်၊ အနံ ၃-တောင်စတုရန်းရှိပြန်ပါမူ၊ တစ်ယောက်ထိုင်နေလောက်သော တစ်တောင့်ထွာ ပမာဏဖြင့် ပိုင်းခြားဝေဖန်လျှင် ၄-ယောက်ပင်ထိုင်နေလောက်ပြန်ရကား-ဒီဃာသန

ယော ဒီဃာသနေ ပဏ္ဏကိတ္တိဟိ ပဏ္ဏကေန ဝါ ကတ္တိယာ ဝါ ဥဘတော ဗျဥ္ဇနေနဝါ ဧကတော နိသီဒေယျ၊ တဿဒုက္ကဋံ့ သိယာ၊ အဒီဃာသနေတိ ရဿေ အာသနေ၊ ယော ဘိက္ခု ရဿာသနေ မဥ္စေဝါ ပီဌေ ဝါ အသမာနာသနိကေန ဧကတော သယေယျ၊ တဿ ဒုက္ကဋံ့ သိယာ တိ အတ္ထော။

[မူလသိက္ခာဋီကာဟောင်း။]

ပဏ္ဏကိတ္တိဟိ ဝါ ဥဘတော ဗျဥ္ဇနေန ဝါ ဧကတော သဒ္ဓိံယေဝ ဒီဃာသနေ နိသီဒေယျ၊ တဿ ဒုက္ကဋန္တိ ယောဇနာ။ တတ္ထ ပဏ္ဍကော စ ကတ္တိ စာ တိ ဝိဂ္ဂဟော၊ တာဟိ။ ဥဘတော ဗျဥ္ဇနံ အဿာတိ ဥဘတော ဗျဥ္ဇနံ၊ တေန။ ဥယမ္ပိ သဟာဒိယောဂေ တတိယာ၊ နသမာနာသနိကော အသမာနာသနိကောတိ ဥဘောတပ္ပုရိသော၊ တေန။ သဟာဒိယောဂေ တတိယာ။ မဥ္စော စ ပီဌဥ္စာတိ သမာဟာရဒွန္ဒော၊ တသ္မိံ။ ဧတ္ထိ စ သမာနာသနိကံ နာမ ဒွိဟိ ဝဿေဟိ မဟန္တတရော ဝါ ဒဟရတရော ဝါ ဧကေန ဝဿေန မဟန္တတရော ဝါ ဒဟရတရော ဝါ ဟောတိ၊ တတောပရံ အသမာနာသနိကာနာမ၊ တေ ဟိ သဒ္ဓိံ အဒီဃာသနေ နိသန္နဿ ဝါ နိပန္နဿ ဝါ ဒုက္ကဋံ၊ ဝါ သဒ္ဒေါ အဝုတ္တသမုစ္စယော။

[မူလသိက္ခာဋီကာသစ်။]

ဤထုတ်ပြန်အပ်သောကျမ်းအပေါင်းတို့တွင် ပါဠိတော်ဝှင်းအဖွင့် အဋ္ဌကထာကြီးများ၌ စီစစ်ရန်ရှိသမျှကို ရှေး၌စီစစ်အပ်ပြီ၊ သာရတ္ထ ဒီပနီဋီကာ၊ ဝိမတိဝိနောဒနီဋီကာတို့၌လည်း “မဥ္စ ပီဌ ဝိနိမုတ္တံ” ဟူသော ပါဌ်၏အနက်ကို ပမာဏယုတ္တဖြစ်သော ညောင်စောင်း, အင်းပျဉ်မှ အလွတ်ဖြစ်သောဟူ၍ ရှေး၌ဆိုခဲ့ပြီးသောအတိုင်းသာ မှတ်ပါ။

အားဖြင့် အလာမရှိ။

သိဃ်ိုဋ္ဌကျွန်းတွင် အရှင်သုမင်္ဂလသာမိ မထေရ် စီရင်သော အဘိဓမ္မတ္ထဝိဘာဝနီခေါ်သော ဋီကာကျော် ကျမ်း၌ကား-

သဗ္ဗသာပိ ဈာနဿ ပရိကမ္မသမာဓိတပုဗ္ဗာဘိသမာဓိ ရေန-ဝိနာ ကေဝလံ အဓိကာရဝသေန အနုပ္ပဇ္ဇနတော အသမာဓိရိကန္တိပိ, အဓိကာရေနစ ဝိနာ ကေဝလံ ပရိကမ္မာဘိသမာဓိရေ နေဝ အနုပ္ပဇ္ဇတော သမာဓိရိကန္တိပိ နသက္ကာ ဝတ္တုန္တိ။ အထဝါ။ ပုဗ္ဗာ ဘိသမာဓိရဝသေနေဝ ဥပ္ပဇ္ဇမာနဿ၊ နကဒါစိ အသမာဓိရိကဘာဝေါသမ္ဘဝတီတိ အသမာဓိရိကန္တိစ ဗျဘိစာရာ ဘာဝတောသသမာဓိရကန္တိစ နဝုတ္တန္တိ။ ။ ဤသို့လာ၏။

**အနက်ကား။** ။ သဗ္ဗဿပိ=အလုံးစုံလည်းဖြစ်သော၊ ဈာနဿ= ဈာန်စိတ်၏၊ ပရိကမ္မသမာဓိတ ပုဗ္ဗာဘိသမာဓိရေန= ပထဝီ ပထဝီစသည် ဖြင့်စီးဖြန်းအားထုတ်ခြင်း ပရိကံဟုဆိုအပ်သော ပုဗ္ဗာဘိသမာဓိရနှင့်၊ ဝိနာ=ကင်း၍၊ ကေဝလံ=သက်သက်၊ အဓိကာရ ဝသေန=ရှေးရှေးသော ဘဝတို့၌ သမထကမ္မဋ္ဌာန်းကိုကြိုးပမ်းအား ထုတ်ခဲ့ခြင်းဟူသော အဓိကာရ၏အစွမ်းဖြင့်၊ အနုပ္ပဇ္ဇနတော=မဖြစ်နိုင်ခြင်းကြောင့်၊ အသမာဓိရိကန္တိပိ=အသမာဓိရိကဟူ၍လည်း၊ ဝတ္တုံ=ဆိုခြင်းငှါ၊ နသက္ကာ= မတတ်ကောင်း၊ အဓိကာရေန=ဆိုခဲ့ပြီးသော အဓိကာရနှင့်၊ ဝိနာစ= ကင်း၍လည်း၊ ကေဝလံ=သက်သက်၊ ပရိကမ္မာဘိသမာဓိရေနေဝ= ဆိုခဲ့ပြီးသော ပရိကံဟုဆိုအပ်သော ပုဗ္ဗာ ဘိသမာဓိရဖြင့်သာလျှင်၊ အနုပ္ပဇ္ဇနတော=မဖြစ်နိုင်ခြင်းကြောင့်၊ သသမာဓိရိကန္တိပိ=သသမာဓိရိက ဟူ၍လည်း၊ ဝတ္တုံ=ဆိုခြင်းငှါ၊ နသက္ကာ= မတတ်ကောင်း၊ ဣတိ=ဤကား- တနည်းအဖြေတည်း။

ဤအဖြေ၏အလိုစကားကျ ပိဏ္ဍတ္ထကား- သသင်္ခါရိက, အသင်္ခါရိကဟူရာတို့၌ သင်္ခါရဟူသည်ကား-ပုဗ္ဗာဘိသင်္ခါရကို ဆိုသတည်း၊ ပုဗ္ဗဘိသင်္ခါရနှင့်ပုဗ္ဗပ္ပယောဂအတူတူပင်၊ ဤစျာန်အရာ၌ ပထဝီ ပထဝီစသည်ဖြင့် ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ် ခြင်းပယောဂသည် သင်္ခါရပင်တည်း၊ စျာန်စိတ်ဟူက ထိုသင်္ခါရနှင့် ကင်း၍ဖြစ်သည် မရှိလေသောကြောင့် အသင်္ခါရိကဆိုခွင့်မရှိ၊ ထိုသင်္ခါရနှင့်တကွသာဖြစ် သောကြောင့် သသင်္ခါရိကဆိုရမည်လည်း ထိုသင်္ခါရအစွမ်း သက်သက် နှင့်ဖြစ်နိုင်သည်မဟုတ်၊ ရှေးရှေးသောဘဝတို့၌ ဘုရား သာသနာ၌ သော်၎င်း၊ ရသေ့တို့သာသနာ၌သော်၎င်း၊ ကြုံကြိုက်၍ သမထကမ္မဋ္ဌာန်း ကိုကြိုးပမ်းအားထုတ်ခဲ့ဘူးသော အဓိကာရ ဥပနိဿယ ခံရှိမှဖြစ်နိုင် သောကြောင့် သသင်္ခါရိက ဆိုခွင့်လည်း မရှိ။

စင်စစ်မူကား-ဤစျာန်စိတ်သည် သသင်္ခါရိက, အသင်္ခါရိက နှစ်ပါးစုံမှ အလွတ်သာတည်းဟူလိုသည်။ ။ဤကား-ပိဏ္ဍတ္ထ။

အထဝါ=တစ်နည်းမူကား၊ ပုဗ္ဗာဘိသင်္ခါရသသေနေ၀= ဆိုခဲ့ပြီး သောပရိကံဟုဆိုအပ်သော ပုဗ္ဗာဘိသင်္ခါရ၏ အစွမ်းဖြင့်သာလျှင်၊ ဥပ္ပဇ္ဇမာနသ်ာ=ဖြစ်နိုင်သော စျာန်စိတ်၏၊ ကဒါစိ=တရံတဆစ်၌၊ အသင်္ခါရိကဘာဝေါ= အသံ်ါရိကန္တိစ=အသင်္ခါရိကဟူ၍လည်း၊ နဝုတ္တံ= အရှင်အနုရုဒ္ဓါ ဆရာဆိုတော်မမူအပ်၊ ဗျဘိစာရာဘာဝတော= အသင်္ခါရိကဟူ၍လည်း၊ နဝုတ္တံ=အရှင်အနုရုဒ္ဓါဆရာ ဆိုတော် မမူအပ်၊ ဣတိ=ဤကား-တစ်နည်း အဖြေတည်း။

ဤအဖြေ၏အလိုစကားကျ ပိဏ္ဍတ္ထကား-စျာန်စိတ်သည် စီးဖြန်း ခြင်း ပရိကံဟုဆိုအပ်သောသင်္ခါရရှိမှ ရကောင်းသောကြောင့် သသင်္ခါရိက ချည်းသာ စင်စစ်တည်း၊ အသင်္ခါရိကမသိသာ၊ သို့သော် သသင်္ခါရိကဟု

